# AYA Micro Loan (FAQs)

**(၁) AYA Micro Loan  ဆိုသည်မှာ အဘယ်နည်း။**

အသေးစားလုပ်ငန်း ပုံမှန်လည်ပတ်စေခြင်း၊ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများသည် လုပ်ငန်းအတွင်း လိုအပ်သည့် ရင်းနှီးမြှုပ်နှံခြင်း၊ တိုးချဲ့မှုပြုလုပ်လိုသော လုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဧရာဝတီဘဏ်အနေဖြင့် ငွေရေးကြေးရေး လိုအပ်ချက်ရှိပြီး အလားအလာရှိသော လုပ်ငန်းငယ်များကို ပံ့ပိုးပေးနိုင်ရန် အာမခံတန်ဖိုး အနည်းငယ်မျှဖြင့် (သို့မဟုတ်) အာမခံမပါရှိပဲ ချေးငွေတစ်ရပ် ထုတ်ချေးပေးနိုင်ရန် ရည်ရွယ်ပါသည်။

## ချေးငွေမလျှောက်မီ

**(၂) ဧရာဝတီဘဏ်မှ AYA Micro Loan  အတွက် ကန့်သတ်ထားသော လုပ်ငန်းအမျိုးအစား ရှိပါသလား။**

ကိုယ်ပိုင်လုပ်ငန်းလုပ်သက်နှင့် လုပ်ငန်းလိုင်စင် သက်တမ်းအနည်းဆုံး (၁) နှစ်နှင့်အထက်ရှိသော အသေးစားလုပ်ငန်း လုပ်ကိုင်နေသူများကို ချေးငွေဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး အောက်ပါလုပ်ငန်း များကို ကန့်သတ်ထားပါသည်။

(၁) အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံသောလုပ်ငန်းများ။

(၂)  အဖိုးတန်သတ္တုကျောက်မျက်ရတနာများရောင်းဝယ်ခြင်းလုပ်ငန်းများ။

(၃)  သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောလုပ်ငန်းများ။

(၄) အရက်ဆိုင်၊ ဘီယာဆိုင်များ၊ ပျော်ပွဲစားရုံများ။

(၅) လက်နက်များ၊ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ရောင်းဝယ်ခြင်းလုပ်ငန်းများ။

(၆) မြန်မာနိုင်ငံ၏တည်ဆဲဥပဒေနှင့်ကိုက်ညီမှုမရှိသော လုပ်ငန်းများ။

(၇) အပေါင်ဆိုင်လုပ်ငန်းများ။

**(၃) AYA Micro Loan အတွက် အများဆုံး လျှောက်ထားနိုင်သော ချေးငွေပမာဏကို ဖော်ပြပါ။**

(၁) အာမခံပေးအပ်ပါက အများဆုံးလျှောက်ထားနိုင်သောချေးငွေပမာဏ ကျပ်သိန်း (၃၀၀)

(၂) အာမခံပေးအပ်နိုင်ခြင်းမရှိပါက CGI ချေးငွေအာမခံစနစ်ဖြင့် အများဆုံး လျှောက်ထားနိုင်သော ချေးငွေပမာဏ ကျပ်သိန်း (၁၀၀)

**(၄) AYA Micro Loan လျှောက်ထားရာတွင် လုပ်ငန်းလုပ်သက် မည်မျှရှိရမည်နည်း။**

AYA Micro Loan လျှောက်ထားရာတွင် လုပ်ငန်းလုပ်သက်နှင့် လုပ်ငန်းလိုင်စင်အနည်းဆုံး (၁)နှစ် နှင့် အထက် ရှိရပါမည်။

**(၅) AYA Micro Loan အတိုးနှုန်းကို ဖော်ပြပါ။**

ဘဏ်သို့ အာမခံတင်ပြနိုင်ပါက - (၁) နှစ်လျှင် အတိုးနှုန်း (၉.၅%)
- (၁) လလျှင် အတိုးနှုန်း ပြား (၀.၇၉%) ခန့်

ဘဏ်သို့ အာမခံတင်ပြနိုင်ခြင်းမရှိပါက - CGI ချေးငွေအာမခံစနစ်ဖြင့် (၁) နှစ်လျှင်အတိုးနှုန်း (၁၀.၅%)
- (၁) လလျှင် အတိုးနှုန်း ပြား (၀.၈၇%) ခန့်

**(၆) ချေးငွေလျှောက်ထားရန် တင်ပြရမည့်စာရွက်စာတမ်းများကို ဖော်ပြပါ။**

**<u>လုပ်ငန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ</u>**

(၁) လုပ်ငန်းလိုင်စင် နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်လိုင်စင်။

(၂) လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဇယား။

(၃) ကုန်ရောင်းဝယ်ပြေစာများ/Ledger နှင့် မှတ်တမ်း (နောက်ဆုံး ၃လစာ)။

(၄) လုပ်ငန်း ဓာတ်ပုံများ (ရှေ့၊ နောက်၊ ဝဲ၊ ယာ နှင့် အတွင်းပိုင်း)။

(၅) SME Member Card။

(၆) SME ထောက်ခံစာ (ချေးငွေခွင့်ပြုချက်ရရှိပါက)။

**<u>ချေးငွေလျှောက်ထားသူတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ</u> (အနည်းဆုံး ၂ ဦးလျှောက်ထားရန်)**

(၇) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) နှင့် အိမ်ထောင်စုလူဦးရေစာရင်း (မိတ္တူ)။

(၈) လိုင်စင်ဓာတ်ပုံအရွယ် ဓာတ်ပုံ (၂)ပုံ။

(၉) နေထိုင်သည့် နေရာ အထောက်အထား (စည်ပင်ခွန် (သို့) မြေခွန် (သို့) မီတာခွန်)။

**<u>အာမခံနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ</u>**

**(၁၀) တိုက်ခန်းဖြစ်ပါက** - ဆက်စပ်အရောင်းအဝယ်စာချုပ်များ။
- BCC မိတ္တူ၊ မြေရှင်နှင့် ကန်ထရိုက်ချုပ်ဆိုထားသော စာချုပ်မိတ္တူ။

**အမည်ပေါက်ဆိုင်ခန်းဖြစ်ပါက** - အမည်ပေါက်ပိုင်ဆိုင်မှုစာအုပ်။

**အမည်ပေါက်မော်တော်ကားဖြစ်ပါက** - အမည်ပေါက်ပိုင်ဆိုင်မှုစာအုပ်။

**(၇) AYA Micro Loan Center တည်ရှိသည့် ဘဏ်ခွဲများကို ဖော်ပြပါ။**

AYA Micro Loan Center တည်ရှိသည့်ဘဏ်ခွဲများမှာ-

(၁) ရန်ကုန်-၃ ဘုရင့်နောင်ဘဏ်ခွဲ

(အမှတ်(၉-၃၆)၊ ခတ္တာလမ်း (ဘုရင်နောင်)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။)

(၂) ရန်ကုန်-၁၄ စော်ဘွားကြီးကုန်းဘဏ်ခွဲ

(အမှတ်(၃၀)၊ အခန်းအမှတ် (၄/၅)၊ ကျောက်စိမ်း(၆)လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။)

(၃) ရန်ကုန်-၂၄ ကျောက်မြောင်းဘဏ်ခွဲ

(အမှတ်(၁၄)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။)

(၄) ရန်ကုန်-၃၇ ညောင်ပင်လေးဈေးဘဏ်ခွဲ

(အမှတ်(၄၅၆/၄၅၈)၊ ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ အမှတ်(၇)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။)

(၅) ရန်ကုန်-၄၀ ယုဇနပလာဇာဘဏ်ခွဲ

(အမှတ်(၁/၂၄)၊ ယုဇနပလာဇာ၊ ယုဇနပလာဇာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။)

(၆) ရန်ကုန်-၇၃ ကြည့်မြင်တိုင်ဘဏ်ခွဲ

(အမှတ်(4-B)၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။)

(၇) မန္တလေး-၈ ဈေးချိုဘဏ်ခွဲ

((၂၆) လမ်း၊ (၈၄ နှင့် ၈၆) လမ်းထောင့်၊ ခန်းမ(၂)အောက်ထပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။)

(၈) မန္တလေး-၁၂ (၆၂) လမ်းဘဏ်ခွဲ

(အမှတ်(H-1)၊ ဦးပိုင်(၈၅/က/ခ)၊ (၆၂)လမ်း၊ မနော်ဟရီနှင့် စိန်ပန်းလမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။)

(၉) မန္တလေး-၂၄ ဘဏ်ခွဲ

(အမှတ်(၈၁၆)၊ ဦးပိုင်အမှတ်(၆/ဃ)၊ လမ်း(၃၀)၊ (၆၂နှင့်၆၃) ကြားစစ်ကိုင်း-မန္တလေးလမ်း၊ ပြည်ကြီးမြတ်ရှင်ရပ်ကွက်၊ ချမ်းမေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။)

(၁၀) နေပြည်တော်-၂ ရွှေကြာပင်ဘဏ်ခွဲ

(ပျဉ်းမနား-တောင်ညိုလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တိုင်းဒေသကြီး။)

(၁၁) ပုသိမ်-၁ ဘဏ်ခွဲ

(အမှတ်(၄)၊ မြေညီထပ်၊ Ocean Supercenter၊ မြို့တော်ခန်းမဘေး၊ ကမ်းနားလမ်း၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။)

(၁၂) မော်လမြိုင်-၁ ဘဏ်ခွဲ

(အမှတ်(၄/ဃ)၊ ကမ်းနားလမ်း၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။)

တို့ဖြစ်ပြီး AYA Micro Loan လျှောက်ထားနိုင်ရန် နီးစပ်ရာ ဧရာဝတီ ဘဏ်ခွဲများ တွင်လျှောက်ထားနိုင်ပါသည်။

## ချေးငွေလျှောက်ထားခြင်း

**(၈) AYA Micro Loan ကို မည်သို့လျှောက်ထားနိုင်သနည်း။**

MSMEs လုပ်ငန်းရှင်များအနေဖြင့် ဧရာဝတီဘဏ်မှ AYA Micro Loan လျှောက်ထားရန် နီးစပ်ရာ ဧရာဝတီ ဘဏ်ခွဲများနှင့် Contact Centre တွင်ချေးငွေလျှောက်ထားရန် လိုအပ်သောအချက်အလက်များအား စုံစမ်းမေးမြန်းနိုင်ပါသည်။

ထို့နောက် ချေးငွေလျှောက်ထားရန် လိုအပ်သော အချက်အလက်များပြင်ဆင်၍ AYA Micro Loan Center များနှင့် နီးစပ်ရာ ဧရာဝတီဘဏ်ခွဲများတွင် ချေးငွေအား သွားရောက်လျှောက်ထားနိုင်ပါသည်။

**(၉) AYA Micro Loan လျှောက်ထားနိုင်သူများကိုဖော်ပြပါ။**

လုပ်ငန်းလုပ်သက် အနည်းဆုံး (၁)နှစ်နှင့်အထက်ရှိသော

(၁) လုပ်ငန်းလိုင်စင် နှင့် ခွင့်ပြုမိန့်ရှိသူများ။

(၂) သက်ဆိုင်မြို့နယ်၏ စည်ပင်လိုင်စင်ရှိသူများ။

(၃) အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ကိုင်ခွင့်ကတ်ပြား (SME Member Card) ကိုင်ဆောင်သူများ လျှောက်ထားနိုင်ပါသည်။

**(၁၀) ဘဏ်သို့ အာမခံပေးအပ်နိုင်ခြင်းမရှိပါက AYA Micro Loan အား လျှောက်ထားနိုင်ပါသလား။**

ဘဏ်သို့ အာမခံပေးအပ်နိုင်ခြင်းမရှိပါက Credit Guarantee Insurance (CGI) ချေးငွေအာမခံစနစ်ဖြင့် AYA Micro Loan အား လျှောက်ထားနိုင်ပါသည်။

# AYA Micro Loan (FAQs)

**(၁၁) Credit Guarantee Insurance (CGI) ချေးငွေအာမခံစနစ်ဆိုတာဘာလဲ။**

Credit Guarantee Insurance (CGI) ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် ချေးငွေလျှောက်ထားရာတွင် အာမခံပစ္စည်း လုံလောက်စွာ မပေးနိုင်သူများနှင့် အာမခံပစ္စည်း လုံးဝ မပေးနိုင်သော လုပ်ငန်းများအတွက် မြန်မာ့အာမခံလုပ်ငန်းမှ ထုတ်ပေးသော ချေးငွေအာမခံလက်မှတ် ဖြစ်ပါသည်။

**(၁၂) Credit Guarantee Insurance (CGI) ချေးငွေအာမခံ ပရီမီယံကြေးအား မည်သို့ပေးဆောင်ရမည်နည်း။**

ဧရာဝတီဘဏ်မှ ချေးငွေခွင့်ပြုချက်ရရှိချိန်တွင် ဘဏ်မှ ခွင့်ပြုသော ချေးငွေပမာဏ၏ ( ၃% ) အား မြန်မာ့အာမခံရုံး သို့သွားရောက် ပေးဆောင်ရမည်ဖြစ်သည်။

**(၁၃) အာမခံပိုင်ဆိုင်သူနှင့် လုပ်ငန်းအမည်ပေါက်သူတို့ လုပ်ငန်းအကျိုးတူပူးပေါင်း လုပ်ကိုင်နေပါက ချေးငွေ လျှောက်ထား ရနိုင်ပါသလား။**

လုပ်ငန်းအကျိုးတူ ပူးပေါင်းလုပ်ကိုင်နေသည်မှာ မှန်ကန်ပါက AYA Micro Loan လျှောက်ထား နိုင်ပါသည်။ သို့သော် လုပ်ငန်းအကျိုးတူ ပူးပေါင်းလုပ်ကိုင်နေကြောင်း အထောက်အထားတင်ပြရန် လိုအပ် ပါသည်။

**(၁၄) အမှန်တကယ်လုပ်ကိုင်နေသော လုပ်ငန်းလုပ်သက်နှင့် လုပ်ငန်းလိုင်စင်တွင်ဖော်ပြထားသော လုပ်ငန်း လုပ်သက် ကွာခြားနေပါက AYA Micro Loan လျှောက်ထားနိုင်ပါသလား။**

လျှောက်ထားနိုင်ပါသည်။ လုပ်ငန်းလုပ်ကိုင်စဉ်ကာလအတွင်း သက်ဆိုင်သော အထောက်အထားများ တင်ပြရန် လိုအပ်ပါသည်။

**(၁၅) AYA Micro Loan လျှောက်ထားရာတွင် ထောက်ခံသူ လိုအပ်ပါသလား။**

AYA Micro Loan လျှောက်ထားရာတွင် ထောက်ခံသူ မဖြစ်မနေ မလိုအပ်ပါ။ သို့သော် ချေးငွေ လျှောက်ထားသူ အနည်းဆုံး (၂) ဦး လိုအပ်ပါသည်။

**(၁၆) AYA Micro Loan လျှောက်ထားရာတွင် ချေးငွေဝန်ဆောင်ခနှင့် အခြားအဖိုးအခများပေးရန် လိုအပ်ပါသလား။**

AYA Micro Loan လျှောက်ထားရာတွင် ဘဏ်သို့ ချေးငွေဝန်ဆောင်ခ (Service Charges) (လုံးဝ) ပေးစရာ မလိုပါ။ သို့သော် ဘဏ်သို့ အာမခံတင်ပြလျှောက်ထားပါက အာမခံအား ရာဖြတ်ခြင်း၊ အာမခံနှင့်ပတ်သက်၍ ရှေ့နေ စစ်ဆေးခြင်းများအတွက် ရာဖြတ်ခ၊ ရှေ့နေဆောင်ရွက်ခနှင့် အခြား အစိုးရရုံးဆိုင်ရာ ဆောင်ရွက်ခများအား ချေးငွေ လျှောက်ထားသူများမှ ပေးရမည်ဖြစ်သည်။

**(၁၇) ဘဏ်သို့ အာမခံပေးအပ်ပါက အာမခံတန်ဖိုး၏ ရာခိုင်နှုန်းမည်မျှပေါ်တွင် ချေးငွေပမာဏ သတ်မှတ်ပေးမည်နည်း ။**

ချေးငွေအသုံးပြုမည့် ရည်ရွယ်ချက်ကောင်းမွန်မှု၊ ပြန်လည်ပေးဆပ်နိုင်မှုနှင့် အခြားအချက် အလက်များပေါ်တွင်မူတည်ပါသည်။

**(၁၈) AYA Micro Loan လျှောက်ထား၍ ရနိုင်/မရနိုင်အား မည်သို့သိရှိနိုင်သနည်း။**

AYA Micro Loan လျှောက်ထားရန်အတွက် ရောဝတီဘဏ်မှ သတ်မှတ်ထားသော ဘဏ်ခွဲများသို့ သွားရောက်၍ ဘဏ်တွင် လိုအပ်သော အချက်အလက်များ ဖြည့်စွက်ပြီး AYA Micro Loan အား လျှောက်ထား၍ ရနိုင်/မရနိုင် ချက်ချင်းသိရှိနိုင်မည်ဖြစ်သည်။

**(၁၉) AYA Micro Loan  လျှောက်ထားပြီး ချေးငွေရနိုင်/မရနိုင် အဖြေသိရှိရန် အချိန်မည်မျှ ကြာမည်နည်း။**

စာရွက်စာတမ်းအပြည့်အစုံဖြင့် သတ်မှတ်ထားသည့် ရောဝတီဘဏ်ခွဲများသို့ လာရောက်လျှောက်ထားပြီး အနည်းဆုံး လက်ခံခွင့်ပြုနိုင်သည့် စံသတ်မှတ်ချက်များနှင့် ချေးငွေလျှောက်ထားသူထံမှ စာရွက်စာတမ်းများ ပြည့်စုံပါက အစိုးရရုံးဖွင့်ရက် (Working Day) (၇) ရက်အတွင်း အဖြေကို သိရှိနိုင်ပါသည်။

ထို့ပြင် ချေးငွေခွင့်ပြုချက်ရရှိပြီး ချေးငွေထုတ်ယူရန်အတွက် လိုအပ်သည့် အခြား Process များဆောင်ရွက်ခြင်း (ဥပမာ- ပေးအပ်သည့်အာမခံအပေါ်တွင် ရာဖြတ်ခြင်း၊ ရှေ့နေအစီရင်ခံစာ ဆောင်ရွက်ခြင်း၊ SME ထောက်ခံစာ တောင်းခံခြင်း၊ မြန်မာ့အာမခံရုံးမှ ထုတ်ပေးသော ချေးငွေအာမခံလက်မှတ် တောင်းခံခြင်းနှင့် အခြားလိုအပ်သော စာချုပ်စာတမ်းများ ချုပ်ဆိုပြီးမှသာ ချေးငွေကို ထုတ်ယူနိုင်မည်ဖြစ်သည်။)

**(၂၀) AYA Micro Loan  လျှောက်ထားမှုအဖြေကို မည်သို့ သိရှိရမည်နည်း။**

ချေးငွေလျှောက်ထားမှုအဖြေအား မိမိလျှောက်ထားသောသက်ဆိုင်ရာဘဏ်ခွဲမှအကြောင်းကြားပေးမည်ဖြစ်သည်။

**(၂၁) မည်သည့်အကြောင်းကြောင့် AYA Micro Loan  လျှောက်ထားမှု မအောင်မြင်ရသနည်း။**

ရောဝတီဘဏ်မှ အနည်းဆုံးလက်ခံခွင့်ပြုနိုင်သည့် စံသတ်မှတ်ချက်များ ပြည့်မီမှုမရှိပါက AYA Micro Loan လျှောက်ထားမှု မအောင်မြင်နိုင်ပါ။

**(၂၂) ချေးငွေခွင့်ပြုချက်ရရှိပါက ချေးငွေပမာဏအား လုပ်ငန်းရှင်မှ မည်သို့ ရရှိမည်နည်း။**

ချေးငွေခွင့်ပြုချက်ရရှိပါက လုပ်ငန်းရှင်၏ AYA Pay Wallet ထဲသို့ ထည့်သွင်းပေးရမည့် သတ်မှတ်ပမာဏအတိုင်း ထည့်သွင်းပေးမည် ဖြစ်သည်။ (သို့မဟုတ်)

လုပ်ငန်းရှင်မှ ကုန်ကြမ်းဝယ်ယူရာတွင် ငွေပေးချေမည့် Supplier A/C ထဲသို့ တိုက်ရိုက် ထည့်သွင်းပေးရမည့် သတ်မှတ်ပမာဏအတိုင်း ပေးချေပေးပါမည်။

***(ချေးငွေရရှိသော လုပ်ငန်းရှင်မှ ငွေသွင်းငွေထုတ်ပြုလုပ်ရန်အတွက် ရောဝတီဘဏ်ချေးငွေစာရင်းအကောင့်အား ဖွင့်လှစ်အသုံးပြုရမည် ဖြစ်သည်။ )

## ချေးငွေပြန်လည်ပေးဆပ်မှု

**(၂၃) AYA Micro Loan အား မည့်သို့ပြန်လည်ပေးဆပ်နိုင်မည်နည်း။**

ချေးငွေအတိုးအား အတိုးကြိုကောက်ခံခြင်းစနစ် (Upfront Method) ဖြင့် ဘဏ်မှ ကောက်ခံမည်ဖြစ်သည်။

ချေးငွေရရှိချိန်တွင် ကျသင့်သော တစ်နှစ်စာ အတိုးငွေအား ခွင့်ပြုချေးငွေပမာဏထဲမှ နုတ်ယူထားရှိပြီး ကျန်ချေးငွေပမာဏအား ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

*** ချေးငွေအရင်းအား ဘဏ်သို့လစဉ် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

အာမခံအပေါင်ပစ္စည်းပေးအပ်ပြီး ချေးငွလျှောက်ထားခြင်းအတွက် ဥပမာ

| ခွင့်ပြု ချေးငွေပမာဏ (ဥပမာ) | (၁) နှစ်လျှင် အတိုးနှုန်း | စုစုပေါင်း (၁)နှစ်စာ အတိုး | ချေးငွေ ထုတ်ယူသုံးစွဲနိုင်မည့်ပမာဏ (အတိုးကောက်ခံပြီး) | လစဉ် ပြန်လည်ပေးဆပ်ရမည့် အရင်းငွေပမာဏ | (၁)ရက်စာ ကျသင့်မည့် အရင်းငွေပမာဏ |
|---|---|---|---|---|---|
| 5,000,000 | 9.5% | 475,000 | 4,525,000 | 416,666 | 13,698 |
| 10,000,000 | 9.5% | 950,000 | 9,050,000 | 833,333 | 27,397 |
| 30,000,000 | 9.5% | 2,850,000 | 27,150,000 | 2,500,000 | 82,191 |

အာမခံမဲ့ အပေါင်ပစ္စည်းမဲ့ CGI (ချေးငွေအာမခံ) ဖြင့် ချေးငွလျှောက်ထားခြင်းအတွက် ဥပမာ

| ခွင့်ပြု ချေးငွေပမာဏ (ဥပမာ) | (၁) နှစ်လျှင် အတိုးနှုန်း | စုစုပေါင်း (၁)နှစ်စာ အတိုး | ချေးငွေ ထုတ်ယူသုံးစွဲနိုင်မည့် ပမာဏ (အတိုးကောက်ခံပြီး) | လစဉ် ပြန်လည်ပေးဆပ် ရမည့် အရင်းငွေပမာဏ | (၁) ရက်စာ ကျသင့်မည့် အရင်းငွေပမာဏ | မြန်မာ့အာမခံသို့ ပေးဆောင်ရသော ပရီမီယံကြေး (၃%) |
|---|---|---|---|---|---|---|
| 5,000,000 | 10.5% | 525,000 | 4,475,000 | 416,666 | 13,698 | 150,000 |
| 10,000,000 | 10.5% | 1,050,000 | 8,950,000 | 833,333 | 27,397 | 300,000 |

**(၂၄) လစဉ် လတိုင်း မည့်သည့်နေ့ရက်တွင် ချေးငွေအရင်းအား ဘဏ်သို့ ပေးဆောင်ရမည်နည်း။**

ချေးငွေအရင်း ပေးသွင်းရမည့် နေ့ရက်အတိအကျအား ရှောဝတီဘဏ်မှ ချေးငွေပြန်လည်ပေးဆပ်မှုဇယား (Payment Schedule) ဖြင့် အကြောင်းကြားပေးမည်ဖြစ်သည်။

**(၂၅) အရင်းပြန်လည်ပေးဆပ်ရမည့်ရက်သည် အစိုးရရုံးပိတ်ရက်နှင့်တိုက်ဆိုင်ပါက မည်သည့်ရက်တွင် ပြန်လည်ပေးဆပ်ရမည်နည်း။**

အရင်းပြန်လည်ပေးဆပ်ရမည့်ရက်သည် အစိုးရရုံးပိတ်ရက်နှင့်တိုက်ဆိုင်ပါက အစိုးရရုံးပိတ်ရက်မတိုင်ခင် ကြိုသွင်းရပါမည်။

**(၂၆) ချေးငွေအရင်းပြန်လည်ပေးဆပ်မှု ကင်းလွတ်ခွင့် (Grace Period) လျှောက်ထားနိုင်ပါသလား။**

လျှောက်ထား၍မရနိုင်ပါ။

**(၂၇) ချေးငွေပြန်လည်ပေးဆပ်ရာတွင် Due Date (ဘဏ်မှသတ်မှတ်ထားသောရက်) ထက်စော၍ ပြန်လည်ပေးဆပ်ပါက ဝန်ဆောင်ခ (Early Payment Fee) ပေးရန် လိုအပ်ပါသလား။**

Due Date (ဘဏ်မှသတ်မှတ်ထားသောရက်) ထက်စော၍ ချေးငွေအား ပြန်လည်ပေးဆပ်ပါက ဝန်ဆောင်ခ (Early Payment Fee) ပေးရန် မလိုပါ။ သို့သော် အတိုးကြိုကောက်ခံထားသော အတိုးငွေပမာဏအား ပြန်လည်ထည့်သွင်းပေးမည်မဟုတ်ပါ။